# 10TH NEWSLETTER

## (JANUARY, FEBRUARY, MARCH 2026)

# PROVEN GROUP OF COMPANIES










## HIGHTLIGHTS

- Team Celebration Gala @FY 2025-2026 & 30th Anniversary of PTIC အခမ်းအနားကျင်းပခြင်း၊
- Staff Trip သွားရောက်ခဲ့ခြင်း၊
- Corporate Photo @ 2026 ရိုက်ကူးခြင်း၊
- Proven Technology Industry Co., Ltd ၏ Plant-III (မြောင်းတကာ) စက်ရုံ၏ Phase-2 နှင့် Phase-3 တည်ဆောက်ရေး အတွက် ပန္နက်ရိုက် အခမ်းအနားဖိတ်ကြားခြင်း၊
- တောင်ကြီးမြေကွက်ပေါ်တွင် Showroom တည်ဆောက်ရန် အတွက် ပန္နက်ရိုက်မင်္ဂလာပြုလုပ်ခြင်း၊
- Proven Technology Industry Co., Ltd. ၏ Futsal Championship @2026 ကို ကျင်းပခြင်း၊
- Job Fair များတွင် ပါဝင်ခဲ့ခြင်း၊
- Proven Group of Companies Ltd. နှင့် Proven Distribution Co., Ltd. တို့၏ CSR Task Force Committee မှ FY 2026-2027 အတွက် Yearly Plan ရေးဆွဲရန် အစည်းအဝေးပြုလုပ်ခြင်း၊
- စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်း၊
- YRYEA မှ Factory Tour လာရောက်ခြင်း၊











# TEAM CELEBRATION GALA @FY 2025-2026 & 30TH ANNIVERSARY OF PTIC အခမ်းအနားကျင်းပခြင်း၊










Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီအသီးသီးတို့ရှိ Proven မိသားစုဝင်များအတွက် နှစ်စဉ်စီစဉ်ကျင်းပပြုလုပ်ပေးလျက်ရှိသည့် Team Celebration Gala @ FY 2025-2026 နှင့်အတူ TOYO & Lion အမှတ်တံဆိပ် ဘတ္တရီများကို ထုတ်လုပ်လျက်ရှိသော Proven Technology Industry Co., Ltd. ၏ နှစ် (၃၀)ပြည့်အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၁၀) ရက်နေ့၊ စနေနေ့တွင် City Golf Swimming Pool & Restaurant ၌ပြုလုပ် ကျင်းပပေးခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီအသီးသီးမှ ဒါရိုက်တာအဖွဲ့ဝင် မိသားစုများ၊ အကြံပေးပုဂ္ဂိုလ်များတက်ရောက်ခဲ့သည့်အပြင် Proven နှင့် ယခင် (၁၀) နှစ်ကျော်သက်တမ်းတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းဟောင်းများပါ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် TOYO Battery ကို စတင်မွေးဖွားခဲ့သော ကွယ်လွန်သူ Managing Director ဦးအုန်းလွင်အား ဂါရဝပြုခြင်းဖြင့် အခမ်းအနားကို စတင်ခဲ့ပြီး Proven Technology Industry Co., Ltd. ၏ နှစ် (၃၀)ပြည့်ကို ဂုဏ်ပြုသော အစီအစဉ်များ၊ လုပ်သက်နှစ် (၂၀)ပြည့်ဝန်ထမ်းများကို အမှတ်တရ ဂုဏ်ပြုရွှေလက်စွပ်များ ချီးမြှင့်ခြင်း၊ ကုမ္ပဏီအသီးသီးမှ ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်းတို့အပြင် ဝန်ထမ်းများအားလုံး ပျော်ရွှင်စိတ်လှုပ်ရှားစေမည့် Lucky Draw အစီအစဉ်နှင့် အတူ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပျော်ရွှင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ ပွဲဖြစ်မြောက်ရေးအတွက် အတူတူပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဖက်ဖက်မှ တာဝန်ရှိသူများနှင့် Proven Group of Companies အပါအဝင် ညီနောင်ကုမ္ပဏီမှ မိသားစုဝင် လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ယခုနှစ်သည် TOYO & Lion အမှတ်တံဆိပ် ဘတ္တရီများကို ထုတ်လုပ်လျက်ရှိသော Proven Technology Industry Co., Ltd. ၏ နှစ် (၃၀)ပြည့်သည့် နှစ်တစ်နှစ်လည်းဖြစ်သလို Proven Group ၏ CEO ဦးသန်းထိုက်လွင်သည်လည်း လုပ်သက်နှစ် (၂၀)ပြည့်သည့် ထူးခြားသည့်နှစ်တစ်နှစ် ဖြစ်ကြောင်းဂုဏ်ယူစွာဖြင့် ဖော်ပြအပ်ပါသည်။













# PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများမှ ဝန်ထမ်းများ STAFF TRIP သွားရောက်ခဲ့ခြင်း









Proven Group of Companies Ltd. သည် ကုမ္ပဏီနှင့်အတူ အားကြိုးမာန်တက် လက်တွဲလုပ်ကိုင်ခဲ့ကြသော ဝန်ထမ်းများအတွက် နှစ်နှစ်လျှင်တစ်ကြိမ် Recreation Trip များကို စီစဉ်ပေးလျက်ရှိပါသည်။ယခု ၂၀၂၆ ခုနှစ်တွင် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd. သည် ဇန်နဝါရီလ (၁၅) ရက်မှ (၁၇) ရက်နေ့များတွင် ချောင်းသာကမ်းခြေသို့လည်းကောင်း၊ Proven Group of Companies Ltd. နှင့် Proven Distribution Co., Ltd. တို့သည် ဖေဖော်ဝါရီလ (၂၈) ရက်မှ မတ်လ (၂) ရက်နေ့တို့တွင် ငွေဆောင်ကမ်းခြေသို့လည်းကောင်း၊ ဝန်ထမ်းများအတွက် Refreshment အစီအစဉ်များနှင့် ရင်းနှီးမှုများ ရရှိစေရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ဤခရီးစဉ်များသည် ဝန်ထမ်းများ၏ တစ်နှစ်တာအလုပ်ပင်ပန်းမှုများကို အနားယူကာ စိတ်ချမ်းသာပျော်ရွှင်စေရန် ရည်ရွယ်၍ စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ပါဝင်လိုက်ပါခဲ့ကြသော ဝန်ထမ်းများအားလုံးနှင့် ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိသူများအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။








# CORPORATE PHOTO @2026 ရိုက်ကူးခြင်း





Proven Group of Companies Ltd နှင့် ညီနောင်ကုမ္ပဏီအသီးသီးရှိ Executive Director များ၊Management အဖွဲ့ဝင်များနှင့်၊ အကြံပေးပုဂ္ဂိုလ်များ စုပေါင်းအမှတ်တရ Annual Corporate Photo ရိုက်ကူးခြင်း အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ရွှေပြည်သာ စက်မှုဇုန်ရှိ Proven Technology Industry Company Ltd. ( Plant II - Conference Room) တွင် ပြုလုပ်ခဲ့ကြပါသည်။ ၎င်းအစီအစဉ်တွင် အကြံပေးပုဂ္ဂိုလ်များ နှင့် Executive Director များမှ ကုမ္ပဏီ၏တိုးတက်မည့်အလားအလာများနှင့် ကြိုးစားဆောင်ရွက်နိုင်စေရန် လမ်းညွှန်မှုများပေးခဲ့ပြီးနောက် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။ အချိန်ပေးလာရောက် ပူးပေါင်းပါဝင်ပေးကြသည့် တစ်ဦးတစ်ယောက်စီတိုင်းကို ကျေးဇူးအထူးပင်တင်ရှိပါသည်။













# PROVEN TECHNOLOGY INDUSTRY CO., LTD ၏ PLANT-III (မြောင်းတကာ) စက်ရုံ၏ PHASE-2 နှင့် PHASE-3 တည်ဆောက်ရေးအတွက် ပန္နက်ရိုက် အခမ်းအနားဖိတ်ကြားခြင်း










၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ (စနေနေ့)၊ မြန်မာစံတော်ချိန် နံနက် (၉:၀၀)နာရီအချိန်တွင် Proven Technology Industry Co., Ltd ၏ Plant-III (မြောင်းတကာ) - မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြောင်းတကာသံမဏိစက်မှုဇုန်)၊ မြေကွက်အမှတ် (၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀)၊ ဧရိယာ (၈.၂၃၁) ဧကပေါ်တွင် Phase-2 ဖြစ်သည့် Main Office Building (၄) ထပ်အဆောက်အဦနှင့် Phase-3 ဖြစ်သည့် Staff Facilities Building (၃) ထပ်အဆောက်အဦတို့၏ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ပြုလုပ်ကျင်းပခဲ့ပါသည်။ ၎င်းအခမ်းအနားသို့ သံဃာတော်များပင့်ဖိတ်၍ အာရုံဆွမ်းနှင့် ဝတ္ထုငွေများနှင့်အတူ လှူဒါန်းခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်းများကို ပြုလုပ်ခဲ့ကြပြီး ဒါရိုက်တာအဖွဲ့ဝင်များများနှင့်တကွ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့ကြပါသည်။

# တောင်ကြီးမြေကွက်ပေါ်တွင် SHOWROOM တည်ဆောက်ရန်အတွက် ပန္နက်ရိုက်မင်္ဂလာပြုလုပ်ခြင်း၊





၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့နှင့် (၅) ရက်နေ့တို့တွင် Proven Distribution Co., Ltd. ၏ ရုံးခွဲတည်ရှိရာ တောင်ကြီးမြို့တွင် ရုံးခွဲအဆောက်အဦအသစ်တည်ဆောက်ရန်အတွက် မြေသန့်မင်္ဂလာနှင့် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ပြုလုပ်ကျင်းပခဲ့ပါသည်။ ၎င်းအခမ်းအနားသို့ သံဃာတော်များသို့ပင့်ဖိတ်၍ အာရုံဆွမ်းနှင့် ဝတ္ထုငွေများနှင့်အတူ လှူဒါန်းခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်းများကို ပြုလုပ်ခဲ့ကြပပါသည်။

# PROVEN TECHNOLOGY INDUSTRY CO., LTD. ဝန်ထမ်းများ FUTSAL CHAMPIONSHIP @2026 ကို ကျင်းပခြင်း၊










PROVEN GROUP OF COMPANIES LTD. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် PROVEN TECHNOLOGY INDUSTRY CO., LTD. သည် ဝန်ထမ်းများ၏ ကျန်းမာရေး လှုပ်ရှားမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်ပိုမိုရရှိနိုင်စေရန် ရည်ရွယ် ၍ FUTSAL CHAMPIONSHIP @FY2025-2026 ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ (၄) ရက်နေ့အထိ (၄) ရက်ပြုလုပ်ခဲ့ပါသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော PROVEN TECHNOLOGY INDUSTRY CO., LTD. မိသားစုဝင်များအနက်မှ ဆုရရှိခဲ့ကြသည့် အသင်းများကို ဆုများချီးမြှင့်ခဲ့ကြပြီး ပျော်ရွှင်အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။











# JOB FAIR များတွင်ပါဝင်ခဲ့ခြင်း









Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများသည် အလုပ်အကိုင်အသစ်ရှာဖွေလိုသူများ၊ Career ကို မြှင့်တင်လိုသူများ၊ ပြည်တွင်း အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိနိုင်ကြစေရန်အလို့ငှာ Job Fair များ/ Career Fair များတွင် ပါဝင်ကူညီအားဖြည့်လျက်ရှိပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ပြုလုပ်သော Job Fair တွင်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင်  Novotel Hotel ၌ ကျင်းပသော JobNet မှ ကြီးမှူးကျင်းပသော Job Fair တွင်လည်းကောင်း ပါဝင်ခဲ့ပြီး Walk-in Interview များနှင့် CV Form များကိုလက်ခံခဲ့ပါသည်။







# CSR STEERING COMMITTEE အနေဖြင့် FY 2026-2027 အတွက် YEARLY PLAN ရေးဆွဲရန် အစည်းအဝေးပြုလုပ်ခြင်း















Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများသည် Corporate Social Responsibility (ကော်ပရိတ်လူမှုတာဝန်) ကို အစဉ်တစိုက် အားထုတ်ကြိုးပမ်းလျက်ရှိရာ CSR Steering Committee ကို ကုမ္ပဏီတစ်ခုချင်းစီ၏ Executive Director များ ပူးပေါင်း၍ ဖွဲ့စည်းခဲ့သည်မှာ (၃)နှစ်တိုင်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ကုမ္ပဏီတစ်ခုချင်းအလိုက်တွင်လည်း Task Force Committee များဖွဲ့စည်း၍ Yearly Plan များ ရေးဆွဲတင်ပြကာ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် (၅)ကြိမ်မြောက်ကျင်းပသည့် အစည်းအဝေးတွင် လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် CSR ဆိုင်ရာအစီအစဉ်များကို ESG Goals (Environmental, Social, Governance) နှင့် အနီးစပ်ဆုံးဖြစ်အောင် အစီအစဉ်များကို ဆုံးဖြတ်သုံးသပ်၍ တင်ပြအစီရင်ခံကာ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# PROVEN GROUP OF COMPANIES ၏ စုပေါင်းသွေးလှူဒါန်းပွဲ





Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများသည် Corporate Social Responsibility (ကော်ပရိတ်လူမှုတာဝန်) ကို အစဉ်တစိုက် အားထုတ်ကြိုးပမ်းလျက်ရှိရာ CSR Steering Committee ကို ကုမ္ပဏီတစ်ခုချင်းစီ၏ Executive Director များ ပူးပေါင်း၍ ဖွဲ့စည်းခဲ့သည်မှာ (၃)နှစ်တိုင်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ကုမ္ပဏီတစ်ခုချင်းအလိုက်တွင်လည်း Task Force Committee များဖွဲ့စည်း၍ Yearly Plan များ ရေးဆွဲတင်ပြကာ ဆောင်ရွက်လျက်ရှိပါသည်။
၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် (၅)ကြိမ်မြောက်ကျင်းပသည့် အစည်းအဝေးတွင် လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် CSR ဆိုင်ရာအစီအစဉ်များကို ESG Goals (Environmental, Social, Governance) နှင့် အနီးစပ်ဆုံးဖြစ်အောင် အစီအစဉ်များကို ဆုံးဖြတ်သုံးသပ်၍ တင်ပြအစီရင်ခံကာ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## YRYEA အသင်းမှ FACTORY TOUR လာရောက်လည်ပတ်ခြင်း




Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd. သို့ ရန်ကုန်တိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA)အသင်းအနေဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် Factory Tour ကို လာရောက်ခဲ့ပါသည်။ ယင်း Factory Tour တွင် စက်ရုံမှူးမှ စက်ရုံဆိုင်ရာ သိကောင်းစရာများ၊ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် စက်ရုံလည်ပတ်သည့်အခါ လိုအပ်သည့် Safety ဆိုင်ရာ ဆောင်ရန်ရှောင်ရန်များကို Presentation နှင့်တကွတင်ပြခဲ့ပြီးနောက် စက်ရုံအား ကွင်းဆင်းလေ့လာကြည့်ရှုလေ့လာမှုများကို ပြုလုပ်ခဲ့ကြပါသည်။









Visit Our Website

Visit Our Telegram


No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.
(Post Code -11041)
Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667

(+95)9 880876920 www.proven.com.mm info@proven.com.mm